# ဘေးကင်းလုံခြုံသော ဘုရားကျောင်း သမ္မာကျမ်းစာလေ့လာမှု- ခေါင်းဆောင်မှု၊ အာဏာ နှင့် ခုခံနိုင်မှုအားနည်းခြင်း

## ကျမ်းပိုဒ်

**ရှင်မာကု ၁၀:၃၅-၄၅**

**ယာကုပ်နှင့် ယောဟန်တို့၏ တောင်းဆိုချက်**

[35] ထိုအခါ ဇေဗေဒဲ၏သား ယာကုပ်နှင့် ယောဟန်သည် အထံတော်သို့ ချဉ်းကပ်၍၊ အရှင်ဘုရား၊
အကျွန်ုပ်တို့တောင်းသော ဆုကျေးဇူးကို ပြုတော်မူစေချင်ပါသည်ဟု လျှောက်လေ၏။" [36] ကိုယ်တော်က၊
ငါသည်သင်တို့ကို အဘယ်သို့ ပြုစေချင်သနည်းဟု မေတော်မူသော်၊" [37] ကိုယ်တော်သည် ဘုန်းပွင့်တော်မူသောအခါ
အကျွန်ုပ်တို့သည် လက်ယာတော်ဘက်၌ တစ်ယောက်၊ လက်ဝဲတော်ဘက်၌ တစ်ယောက် ထိုင်ရသောအခွင့်ကို
ပေးတော်မူပါဟု လျှောက်ကြ၏။" [38] ယေရှုကလည်း၊ သင်တို့သည် အဘယ်သို့တောင်းပန်သည်ကို သင်တို့မသိကြ။
ငါသောက်သောခွက်ကို သောက်ခြင်းငှာလည်းကောင်း၊ ငါခံသောဗတ္တိဇံကို ခံခြင်းငှာလည်းကောင်း၊ သင်တို့သည်
တတ်စွမ်းနိုင်သလောဟု မေးတော်မူလျှင်၊ [39] အကျွန်ုပ်တို့သည် တတ်စွမ်းနိုင်ပါ၏ဟု လျှောက်ကြသော်၊ ယေရှုက၊
ငါသောက်သောခွက်ကို သင်တို့သည် သောက်ရကြလိမ့်မည်။ ငါခံသောဗတ္တိဇံကိုလည်း သင်တို့သည်
ခံရကြလိမ့်မည်။ [40] သို့သော်လည်း ငါ့လက်ယာဘက်၊ လက်ဝဲဘက်မှာ ထိုင်ရသောအခွင့်ကိုကား

အကြင်သူတို့အဖို့အလိုငှာ ပြင်ဆင်၏၊ ထိုသူတို့အားသာ ငါပေးပိုင်သည်ဟု မိန့်တော်မူ၏။" 41 အခြားသော တပည့်တော်တစ်ကျိပ်တို့သည် ကြားသိလျှင်၊ ယာကုပ်နှင့် ယောဟန်တို့ကို အမျက်ထွက်ကြ၏။ 42 ယေရှုသည် ထိုသူတို့ကိုခေါ်တော်မူ၍၊ သင်တို့သိသည်အတိုင်း လောကီမင်းတို့သည် အစိုးတရပြုတတ်ကြ၏။ အကဲအမှူးတို့သည် အာဏာထားတတ်ကြ၏။ 43 သင်တို့မူကား၊ ထိုသို့မပြုကြနှင့်။ သင်တို့တွင် အကဲအမှူးပြုလိုသောသူသည် သင်တို့အစေခံ ဖြစ်ရမည်။[a] 44 သင်တို့တွင် အထွတ်အမြတ်လုပ်ချင်သောသူသည်လည်း အလုံးစုံတို့၏စေခိုင်းရာ[b] ကျွန်ဖြစ်ရမည်။ 45 အကြောင်းမူကား၊ လူသားသည် သူတစ်ပါးကို စေစားခြင်းငှာမလာ၊ သူတစ်ပါးအစေကို ခံခြင်းငှာလည်းကောင်း၊ မိမိအသက်ကိုစွန့်၍ လူများကို ရွေးခြင်းငှာလည်းကောင်း၊ ကြွလာသတည်းဟု မိန့်တော်မူ၏။"

# သမ္မာကျမ်းအနက်ဖွင့်ခြင်း

ဒီကျမ်းပိုဒ်ထဲမှာ  သခင်ယေရှုနှင့်သူ၏တပည့်တော်များကို ကျွန်ုပ်တို့မြင်တွေ့ရတဲ့အတိုင်း၊ ယေရှုက ခိုင်မာသောဆုံးဖြတ်ချက်ဖြင့် ယေရုရှလင်မြို့သို့ဦးတည်သွားနေပါသည်။ တပည့်တော်များသည် ကြီးမား၍အရေးကြီးသောအရာတစ်ခု ဖြစ်လာတော့မည်ကိုခံစားရသော်လည်း ယေရှုကထပ်ခါတလဲလဲကြိုတင်ပြောခဲ့သော သူ၏နာကျင်ဝေဒနာနှင့်သေခြင်းကိုမူ ခံစားနိုင်ရန်ခက်ခဲပါသည်။ ဤအရာသည် သူတို့နားလည်ထားသော ယေရှု၏အလုပ်နှင့်အမှုတော်မြတ်နှင့် မကိုက်ညီသည့် ရလဒ်တစ်ခုဖြစ်သည်။ သူတို့အတွက် ထင်မှတ်မထားသောအရာဖြစ်သည်။

ဤနေရာ၌ကျွန်ုပ်တို့စဉ်းစားထားသောစကားပြောဆိုမှုအတွက် ကျမ်းစာအနက်ဖွင့်သောသူများမှ ရှင်ယာကုပ်နှင့်ရှင်ယောဟန်တို့ကို ရာစုနှစ်ပေါင်းများတစ်လျှောက် ပြင်းပြင်းထန်ထန် မှတ်ချက်ချခဲ့ကြပါသည်။ သူတို့ယေရှုနှင့်နီးကပ်စွာပေါင်းသင်းခဲ့သောဆက်ဆံရေးအပေါ် ပုံဖော်ပြီး၊ ညီအစ်ကိုနှစ်ဦးသည် သူတို့ပြည့်စုံစွာယုံကြည်သော ယေရှုမကြာမီတည်ထောင်မည့် အသစ်သောနိုင်ငံတော်တွင် အရေးပါသောနေရာနှင့်တန်ခိုးအာဏာကို သူတို့အတွက်ဖြစ်စေရန် ကြိုးစားနေကြသည်။  သူတို့ကိုယ်သူတို့ယေရှုနှင့်တတ်နိုင်သမျှနီးကပ်စွာရှိနေရန်ပုံဖော်ပြီး - တစ်ယောက်က သူ၏လက်ယာဘက် နှင့်တခြားတစ်ယောက်ကလက်ဝဲဘက်မှာလို့ ပုံဖော်ကြတယ်။

ရှင်ယာကုပ်နှင့်ရှင်ယောဟန်တို့ကို ဥပက္ခာပြုသောသူ -ယေရှုသွန်သင်ခဲ့သောအချက်ကိုလုံးဝလွဲချော်သူ- သို့မဟုတ် အာဏာကို- ဆာလောင်၍ရည်မှန်းချက်ကြီးသူ၊ သူတို့ရရှိနိုင်မည့်အရာအတွက်

*Kim Barker – အင်္ဂလီကန်သဟာယ ဘေးကင်းလုံခြုံသော ဘုရားကျောင်း ကော်မရှင်*

ပါဝင်ပတ်သက်ခြင်းအားဖြင့် ယေရှုနောက်သို့လိုက်သောသူ အဖြစ်ခြားနားမှုကိုဖော်ပြရန် လွယ်ကူပါသည်။ တခြားတပည့်တော်များမှ သူတို့တောင်းဆိုသောအရာကို သိရှိနားလည်သွားသောအခါ သူတို့အားသေသေချာချာပြစ်တင်ပြောဆိုကြသော်လည်း ဤသို့ပြုလုပ်ခြင်းသည် တပည့်တော်များကသူတို့အချက်လွဲချော်သွားခြင်းကို သိရှိနားလည်သွားသောကြောင့်လား သို့မဟုတ် တူညီသောတောင်းဆိုချက်ကိုသူတို့အရင်မတောင်းဆိုရ၍ စိတ်အနှောင့်အယှက်ဖြစ်သွားတာလားဆိုတာကတော့ မရှင်းလင်းပါ။

ဤပုံပြင်ကိုဖတ်ခြင်းအားဖြင့် နောက်ထပ်ဘာဖြစ်လာမလဲဆိုတဲ့အကျိုးကျေးဇူးကို ကျွန်ုပ်တို့ရရှိပါသည်။ ထိုတပည့်တော်များ မရရှိခဲ့ပါ။ ယေရှုသည် ယေရုရှလင်မြို့၌အောင်မြင်စွာဖြင့် ဘုရင်အဖြစ် နန်းတက်ခဲ့ခြင်းမပြုဘဲ သစ္စာဖောက်ခြင်း၊ ပြက်ရယ်ပြုခြင်း၊ ကြာပွတ်ဖြင့်အရိုက်ခံခြင်း၊ မထီမဲ့မြင်ပြုခြင်းတို့ ကြုံတွေ့ခဲ့ရပြီး အသတ်ခံခဲ့ရသည်ကို ကျွန်ုပ်တို့ သိကြပါသည်။ ရှေ့လာမည့်နေ့ရက်များတွင် ယေရှု၏လက်ယာဘက်နှင့်လက်ဝဲဘက်မှာ တင်မြောက်ခြင်းခံရမည့်သူများမှာ ယေရှုနှင့်အတူကားတိုင်မှာတင်သတ်ခြင်းခံရသော ဓါးပြနှစ်ဦးသာလျှင်ဖြစ်သည်။

ယေရှုသည် သူရင်ဆိုင်ခဲ့ရသောအရာကို ခံစားသိရှိခဲ့ပုံပေါ်ပါသည်။ ယေရှုသည် ဆင်းသက်ခြင်းနှင့် နာကျင်ခံစားခြင်း၏လမ်း- သူသောက်ရမည့်ခွက်နှင့် သူခံရမည့်နှစ်ခြင်း- ကိုမြင်ပြီး ညီအစ်ကိုနှစ်ဦးကို သူ့နည်းတူခံနိုင်ဘို့ဆန္ဒရှိလားကို မေးပါသည်။ သူတို့၏ပေါ့ပါးသောအဖြေက သူဘာကိုဆိုမှန်းကို သူတို့မသိကြောင်းအတည်ပြုပါသည်။ သူကအားနည်းဤထိခိုက်နာကျင်ခြင်း၊ နာခံခြင်း နှင့်အစေခံခြင်း အကြောင်းပြောနေစဉ်မှာပင် သူတို့က တန်ခိုးအာဏာနှင့်ဂုဏ်သိက္ခာများကိုသာမြင်လေ၏။

ဤအရာမတိုင်ခင် မကြာမီအချိန်၌ပင် တပည့်တော်အကုန်လုံးက သူတို့အထဲမှ မည်သူသည်သာ၍ကြီးမြတ်သည်ကို ငြင်းခုံခဲ့ကြပြီးဖြစ်သည် (မာကု ၉း၃၃-၃၇)။ ပြဿနာကတော့၊ မည်သူကကြီးမြတ်သည်ကို ကျွန်ုပ်တို့မှလူများကိုအဆင့်သတ်မှတ်သည်နှင့်တပြိုင်နက်၊ ကျွန်ုပ်တို့သည် မည်သူကအငယ်ဆုံးလဲဆိုတာကိုဆုံးဖြတ်သကဲ့သို့ဖြစ်ပြီး ဤအရာသည် အမှန်တကယ် လူတိုင်းရှောင်ချင်သောအရာဖြစ်ပါသည်။ အငယ်ဆုံးဖြစ်ဖို့ရန်အတွက် အားနည်းထိခိုက်နာကျင်ရပြီး ဤနေရာသည်မည်သည့်နည်းနဲ့မဆိုကျွန်ုပ်တို့ရှောင်ရှားသောနေရာတစ်ခုဖြစ်သည်။

တပည့်တော်များ၏ရာထူးနေရာအတွက် တိုးဝှေ့လုနေခြင်းကိုတုံ့ပြန်ရာ၌၊ ယေရှုကကလေးငယ်လေးတစ်ယောက်ကိုခေါ်ယူပြီး သူတို့အလယ်မှာမတ်တတ်ရပ်စေကာ (မာကု ၉း၃၆)၊

*Kim Barker – အင်္ဂလီကန်သဟာယ ဘေးကင်းလုံခြုံသော ဘုရားကျောင်း ကော်မရှင်*

ထိုကလေးကို လက်တော်မှာပွေ့ချီခဲ့ပါသည်။ သူပြောလိုက်သောအရာသည် သူတို့၏ရာထူးနေရာနှင့်အာဏာအတွက် ကြိုးပမ်းအားထုတ်မှုကို ပြောင်းပြန်ဖြစ်စေပါသည်။ မည်သူမဆို ပထမဆုံးလူဖြစ်ချင်သောသူသည် နောက်ဆုံးလူဖြစ်ရမည်ဖြစ်ပြီး၊ အကြီးမြတ်ဆုံး ဖြစ်ချင်သောသူသည် အငယ်ဆုံးဖြစ်ရမည်ဖြစ်သည်။ အားနည်းထိခိုက်နာကျင်သောသူ၊ သူတို့ရဲ့အစီအစဉ်ကိုမချဲ့နိုင်သောသူ၊ သို့မဟုတ် သူတို့၏ဖြစ်တည်မှု သို့မဟုတ် အာဏာကို မကြီးထွားစေနိုင်သောသူအားလုံးကို သူ့နာမ၌ကြိုဆိုထွေးပွေ့ရန် သူတို့ကိုအကဲစမ်းလေ၏။ ထို့နောက် ဖြစ်နိုင်ခြေက သူတို့၏မရှောင်လွှဲနိုင်သော ကိုယ်ပိုင်အားနည်းချက်များကိုလည်း သူတို့သိရှိနားလည်ပြီးထွေးပွေ့ရန် သူကတောင်းဆိုပါသည်။

နောက်ထပ်တခါ ရှင်မာကု အခန်းကြီး ၁၀ ထဲတွင် ယေရှုမှ တပည့်တော်များကို အကြီးအငယ်အထက်အောက် အရေးပါမှုကိုအသုံးပြုပြီး အငယ်ဆုံးဖြစ်သောကလေးသူငယ်များကို အဝေးသို့ခေါ်ထုတ်စေခြင်းအမှုကို သွန်သင်ဆုံးမပါသည်။ သူသည်ကလေးသူငယ်များကိုကြိုဆို၊ ကောင်းချီးပေးပြီး သဓကအနေဖြင့်ပြခဲ့ပြီး ကောင်းကင်နိုင်ငံတော်ကို ဤသူငယ်များထဲမှတစ်ယောက်ကဲ့သို့ ခံယူဖို့ တပည့်တော်များကို ပြသွားပါသည်။

ကလေးသူငယ်တွေ၏ဘယ်အရာက ဤနေရာမှာအရေးပါသနည်း။ ဖြစ်နိုင်ခြေအချက်ကတော့ သူတို့ကိုယ်သူတို့မရှက်ခြင်း၊ မည်သူနှင့်မျှသူတို့ကိုယ်သူတို့နှိုင်းယှဉ်စရာမလိုခြင်းနှင့် အနိုင်လိုမင်းထက်ပြုစရာမလိုခြင်း တို့ဖြစ်သည်။ အကြီးမားဆုံးသောအရာနှင့်ပါတ်သက်ပြီး သူတို့၏နေရာ၊ သူတို့၏အောင်မြင်မှု၊ သူတို့၏လွှမ်းမိုးနိုင်မှု အတွက် သူတို့ပူပန်စိုးရိမ်ခြင်းမရှိပါ။ ဒါက ဆီလျှော်မှုမရှိပါ။ သူတို့သည် ရိုးသားစွာစူစမ်းရန်နှင့် ရှာဖွေလေ့လာရန်နှင့် သင်ယူရန်အသင့်ဖြစ်နေပါသည်။ လက်ထဲမှာရရှိထားသောတာဝန်ကို ပေါ့ပါးလွတ်လပ်၍ပျော်ရွှင်ရယ်မောခြင်းဖြင့်လုပ်ဆောင်ပါသည်။

ကလေးသူငယ်များနှင့်ပတ်သက်ပြီး နောက်ထပ်ထူခြားချက်တစ်ခုမှာ သူတို့အားနည်းခြင်းကို သူတို့သိပြီး သူတို့မှာသင်ယူစရာအများကြီးရှိတယ်ဆိုတာကိုလည်းသူတို့သိပါသည်။ သူတို့၏ သစ်၍ဖြစ်နိုင်ကျက်ထားသောစွမ်းရည်များကို စမ်းသပ်နေစဉ်မှာပင်၊ သူတို့၏ ကန့်သတ်ချက်ကိုသူတို့သိပြီး မေးခွန်းများမေးခြင်း၌လျှင်မြန်၍ အကူအညီတောင်းခံခြင်းများ၊ အကူအညီကိုပေးရန်ပင်တောင်းဆိုကြသည်။ သူတို့၏အားနည်းချက်အပေါ်၌သူတို့မရှက်ဘဲ ၎င်းကနေရှောင်ပြေးရန်မကြိုးစားကြပါ။

ဤအကြောင်းအရာများသည် ယေရှုနှင့်ဇေဗဒီ၏သားများ အချင်းချင်းပတ်သက်ဆက်ဆံမှုနောက်ခံပုံကို တည်ဆောက်ပါသည်။ ယေရှုက ခေါင်းဆောင်မှု- ဘုရား၏လောကအမြင်ထဲ၌ရှိသောခေါင်းဆောင်မှု-ကို

*Kim Barker – အင်္ဂလီကန်သဟာယ ဘေးကင်းလုံခြုံသော ဘုရားကျောင်း ကော်မရှင်*

မည်ကဲ့သို့မြင်သည်ကိုဖော်ပြရန် အခွင့်အရေးဖန်တီးပေးဖို့အတွက် ဖြစ်သော်လည်း သူတို့၏ မြင်သာသောကိုယ့်ကိုကိုယ်အစေခံခြင်းမေးခွန်းသည် ကျွန်ုပ်တို့အားလုံးနှင့်သက်ဆိုင်မှုရှိပါသည်။ မြင်ခဲ့သည့်အတိုင်း၊ အကြမ်းဖက်မှုကို အသုံးပြု၍အခြားသူများအပေါ် *အခြားသောလူအားလုံး၏* အထက် (*'အပေါ်၌ မင်းမူခြင်း'* မာကု ၁၀:၄၂) နိုင်လိုမင်းထက်ထိန်းချုပ်သော (ပြီးတော့ ထောင်စုနှစ်ပေါင်းများစွာအတွင်း အများကြီးသိပ်မပြောင်းလဲသည့်) ထိုခေတ်ခေါင်းဆောင်များနှင့် ကွဲပြားသောခြားနားမှုမှာ ခေါင်းဆောင်မှုကို ယေရှုက *အောက်ခြေမှ* အစေခံခြင်းဟုနားလည်ထားပါသည်။ အနည်းငယ်နိမ့်သောနေရာမှနေ၍ အစေခံခြင်းမဟုတ်ပဲ အားလုံး၏အနိမ့်ဆုံးမှနေ၍၊ ကျွန်ကဲ့သို့ အစေခံခြင်းဖြစ်သည်။ ယေရှုအတွက်တော့၊ ခေါင်းဆောင်မှုဆိုသည်မှာ နှိမ့်ချခြင်းဖြင့်အစေခံခြင်းဖြစ်သည်။ ကျွန်ုပ်တို့လူသားများ၏ ဘုံအားနည်းခြင်းကို အသိမှတ်ပြုနားလည်ခြင်းဖြစ်သည်။

လူသားဆိုသည်မှာ တန်ခိုးအာဏာရှိခြင်းနှင့် အားနည်းထိခိုက်လွယ်ခြင်း နှစ်မျိုးစလုံးရှိရသည်။ ၎င်းသည် အတူအသက်ရှင်နေထိုင်ရန်နှင့် ပြန်လည်သင့်မြတ်ဖို့ရန် ခက်ခဲသောတင်းမာမှုတစ်ခုဖြစ်နိုင်သည်။ တန်ခိုးအာဏာ အဓိပ္ပါယ်မှာ ကိစ္စများကိုစွမ်းဆောင်နိုင်ခြင်း၊ လောကအပေါ်လုပ်ဆောင်နိုင်ခြင်း၊ တုံ့ပြန်မှုကို ဖော်ဆောင်နိုင်ခြင်းတို့ဖြစ်သည်။ ဤတန်ခိုးအာဏာ- ရွေးချယ်ရန်၊ ငြင်းဆိုရန်၊ ဖန်တီးရန်၊ ဖျက်ဆီးရန် - ကို ဘုရားသခင်ကကျွန်ုပ်တို့အားပေးထားပါသည်။ ကလေးသေးသေးတောင်မှ သူ၏အသံကိုအသုံးပြုပြီး သူ၏ကြည့်ရှုပြုစုသူထံမှ တုံ့ပြန်မှုကို ဖော်ပြနိုင်သည်။ မည်သို့ပင်ဖြစ်စေ၊ လူသားဖြစ်သည့်အားလျော်စွာ၊ ကျွန်ုပ်တို့သည် အားနည်းချက်များဖြင့် ပြုလုပ်ထားခြင်းခံရပါသည်။ အားနည်းထိခိုက်လွယ်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ နာကျင်စေမှုနှင့် ထိခိုက်နစ်နာမှု အန္တရာယ်ရှိခြင်းကို ဆိုလိုပါသည်။

လူသားအနေနဲ့လည်း မိမိကိုယ်တိုင်၌သော်လည်းကောင်း သူတစ်ပါး၌သော်လည်းကောင်း အားနည်းထိခိုက်လွယ်မှုကို ငြင်းဆိုရန်နှင့် ရှောင်ရှားရန်၊ ကိုယ့်ကိုယ်ကို ထိုအရာကိုရင်ဆိုင်ရခြင်းမှကာကွယ်ရန် လုံလောက်သောတန်ခိုးအာဏာ ရရှိရန်ကြိုးပမ်းအားထုတ်ရသည်။ ဤအရာသည် တန်ခိုးအာဏာ၏အန္တရာယ်ရှိသောထင်ယောင်ထင်မှားမှုဖြစ်ပြီး၊ ယေရှုမှဤအကြောင်းအရာကိုသူ၏သင်ကြားချက်ထဲမှာ ညွှန်ပြထားပါသည်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်အားနည်းချက်ကို ရယူပိုင်ဆိုင်ခြင်း သို့မဟုတ် သိလျှောင်ထားခြင်း၊ ကျွန်ုပ်တို့၏သဘောဆန္ဒကို ကိုယ့်ထက်နိမ့်ကျသည်ဟုမြင်သော သူများအား လက်ခံခိုင်းခြင်း၊ ကျွန်ုပ်တို့၏ရည်မှန်းချက်အောင်မြင်ဘို့ရန်အတွက် တခြားသူများကို အကြမ်းဖက် ခိုင်းစေ၍ အသုံးပြုခြင်း, သို့မဟုတ် မိမိ၏ရန်သူကဲ့သို့မြင်သောသူများကိုအနိုင်ယူခြင်း အားဖြင့်ရှောင်ရှား၍မရပါ။ မည်သို့ပင်ဖြစ်စေကာမူ၊ ကျွန်ုပ်တို့၏တန်ခိုးအာဏာအတွက်တွန်းအားပေးလုပ်ဆောင်မည့်အရာမှာ၊ ဆက်ဆံရေးများကို နှောင့်ယှက် ရပ်တန့်ရန်ဖြစ်သည်။ ကျွန်ုပ်တို့နှင့် လူတစ်ဦးချင်းစီ၊ မိသားစုများ၊

*Kim Barker – အင်္ဂလီကန်သဟာယ ဘေးကင်းလုံခြုံသော ဘုရားကျောင်း ကော်မရှင်*

ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ လူမျိုးစု များ ကြား၌ရှိသောဆက်ဆံရေး နှင့် ကျွန်ုပ်တို့နှင့်ဘုရားအကြား၌ရှိသောဆက်ဆံရေးကို အခက်အခဲပေး အနှောင့်ယှက်ပေးပြီး ရေရှည်ပျက်စီးမှုနှင့် ထိခိုက်နာကျင်မှု တို့ကိုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

ဖြစ်နိုင်ခြေကတော့ ဤကျမ်းပိုဒ်၏ စိန်ခေါ်မှု ထို့ထက်မက ယေရှုက ကျွန်ုပ်တို့ကို စိန်ခေါ်မှုမှာ ကျွန်ုပ်တို့၏ ကိုယ်ပိုင်တန်ခိုးအာဏာနှင့် အားနည်းမှု ကြားမှာရှိသောတင်းမာမှုထဲတွင် ကျွန်ုပ်တို့မည်ကဲ့သို့နေထိုင်မှာလဲ ဖြစ်ပါသည်။ အားနည်းအောင်ပြုလုပ်နိုင်သော တန်ခိုးအာဏာ ထင်ယောင်ထင်မှားမှုကိုလက်လွှတ်ရန်နှင့် ကျွန်ုပ်တို့၌ရှိသောတန်ခိုးအာဏာကို ကောင်းသောအရာအတွက်အသုံးပြုရန် ယေရှုမှ ကျွန်ုပ်တို့ကိုစိန်ခေါ်ပါသည်။ တန်ခိုးအာဏာကို လက်လွှတ်ပြီး ထိန်းချုပ်ရန်လိုအပ်ချက်၊ နှင့် ကျွန်ုပ်တို့၏အားနည်းထိခိုက်လွယ်မှုကို လက်ခံရန် ဘာကိုမျှကြောက်စရာမလို၊ ဆုံးရှုံးရန်လည်းဘာမှမရှိပါ။ ကျွန်ုပ်တို့ဆီကနေ ဘာကိုမှယူသွားရှိမရပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့မှ ၎င်းကိုကိုယ့်သဘောဆန္ဒအလျောက် လွှတ်လိုက်ပြီးပြီဖြစ်သည်။

**ဆွေးနွေးရန်မေးခွန်းများ**

- ဤစာပိုဒ်ထဲတွင် မည်သည့်အရာက သင့်အတွက် သတိပြုထင်ရှားစရာ ဖြစ်စေသနည်း။
- 'အပေါ်ဦးမြင်းမူခြင်း' ဟူသော ယေရှုဖော်ပြသည့် ခေါင်းဆောင်မှုပုံစံကို သင့်ရေခံမြေခံအခြေအနေတွင် အမှတ်ရမိပါသလား။ သင်သတိထားမိသောအရာကိုဖော်ပြပါ။
- အားနည်းသောသူများကိုအစေခံခြင်း ဟူသောခေါင်းဆောင်မှုပုံစံကို သင့်၏ရေခံမြေခံတနေရာရာမှာ အမှတ်ရမိပါသလား။ သင်သတိထားမိသောအရာကိုဖော်ပြပါ။
- သင်၏ကိုယ်ပိုင်အသက်တာတွင် မည်သည့်နေရာနှင့် မည်သည့်အခါတွင် သင်တန်ခိုးအာဏာနှင့် ပြည့်စုံနေပါသနည်း။ မည်သည့်အခြေအနေများထဲတွင် သင်ပြုလုပ်စွမ်းဆောင်နိုင်ခြင်း၊ ကိစ္စများကိုလုပ်ဆောင်နိုင်ခြင်း သို့မဟုတ် ဖန်တီးနိုင်ခြင်း ရှိပါသနည်း။ မည်သည့် အခြေအနေများထဲတွင် သင့်သဘောဆန္ဒကို တခြားသူများလက်ခံစွမ်းစေနိုင်ခြင်းရှိပါသနည်း။ ၎င်းတန်ခိုးအာဏာကိုအသုံးပြုရန် သင်မည်ကဲ့သို့ရွေးချယ်ပါသနည်း။
- သင်၏ကိုယ်ပိုင်အသက်တာတွင် မည်သည့်နေရာနှင့် မည်သည့်အခါတွင် သင်အားနည်း ထိခိုက်လွယ်နေပါသနည်း။ မည်သူ သို့မဟုတ် မည်သည့် အလားအလာက သင်၏ကျန်းမာရေး၊ သုခချမ်းသာ နှင့်အနာဂတ်ကို အန္တရာယ် ရှိစေပါသနည်း။ ၎င်းအားနည်းထိခိုက်လွယ်မှုကို သင်မည်ကဲ့သို့ စီမံအုပ်ချုပ်ပါသနည်း။

*Kim Barker – အင်္ဂလီကန်သဟာယ ဘေးကင်းလုံခြုံသော ဘုရားကျောင်း ကော်မရှင်*

ANGLICAN COMMUNION
IN OVER 165 COUNTRIES